

"...အမျိုးသားများ လက်အောက်ခံ ကိုလိုနီဘဝ၌ ရှိစဉ် မဟာဆွေ၏ တို့မေမေ ဝတ္ထုသည် အမျိုးသား နိုးကြားရေးကို လှုံ့ဆော်ပေးခဲ့ပေ၏။

- ဒဂုန်တာရာ၏ ရှုပ်ပုံလွှာ (၁၉၅၅)၊ စာ ၁၈၀။

"လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် အရေးပါသော နယ်ချဲ့ဆန့်ကျင်ရေးဝတ္ထု တစ်ပုဒ် ဖြစ်သည်။ ... ထူးခြားချက်မှာ ဤဝတ္ထုတွင် အနုက်အဓိပ္ပာယ် နစ်လှာ ရှိနေခြင်း ဖြစ်သည်။"

-မောင်ခင်မင် (ဓနုဖြူ) ၏ ကိုလိုနီခေတ် မြန်မာစာပေသမိုင်း (၂၀၀၀)၊ စာ ၁၉၈၊ ၁၉၉။

"... တို့မေမေ သည် မြန်မာ့သမိုင်းကို အခြေခံကာ မြန်မာ့နိုင်ငံရေးလမ်းကြောင်း ခင်းပေးခဲ့သော ဝတ္ထုဖြစ်လေသည်။"

မလိခ၏ မြန်မာဝတ္ထုအညွှန်းပေါင်းချုပ် (၂၀၀၇)၊ စာ ၁၅၃။

# မဟာဆွေ

# တို့မေမေ

" .... ဝတ္ထုသက်သက် ဖတ်သူအဖို့ တစ်အိမ်ထောင်အနေနှင့် နားလည်ကြ၏။ ရာဇဝင်နှင့် နိုင်ငံရေး နားလည်သူတို့က ပြင်သစ်နှင့် အင်္ဂလိပ်တို့ မြန်မာပြည်အား သိမ်းပိုက်ကာ အဆီအနှစ် စုပ်ယူနေကြသည် သဘောပေါက်ကြ၏။...."

– မဟာဆွေ၊ "စာအုပ်အရေးတော်ပုံ"၊ ဗိုလ်တထောင်ကလျာဂျာနယ်အမှတ်... – "အဲဒီ" ...

– မဟာဆွေ၊ 'စာအုပ်အရေးတော်ပုံ'၊ ဗိုလ်တထောက်ဂျွင်သစ် (မတ် ၂၀၁၁)။ စာ ၂၀ ...မှ။

" .... စစ်မဖြစ်မီကာလ ကျွန်တော်တို့ လူငယ်တွေကို အမျိုးသားရေးစိတ်ဓာတ်တွေ သွတ်သွင်းပေးခဲ့ရာမှာ အရေးကြီးတဲ့ အခန်းတစ်ခန်းက ပါခဲ့ပါတယ်။ ...."

– မြသန်းတင့်၊ ကျွန်တော် ဆက်၍ရေးချင်သော ဝတ္ထုများ(၁၉၇၄)။ စာ ၁၉၁ ...မှ။

"မဟာဆွေ၏ နိုင်ငံလွတ်လပ်ရေး ဦးတည်ချက်ဝတ္ထု။ ....မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် ထင်ရှားသော ဝတ္ထုတစ်ပုဒ်။"

– မလိခ၊ မြန်မာစာပေအဘိဓာန်(၃)[၁၉၇၇]။ စာ ၁၆၇၊ ၁၆၈ ...မှ။

"....(ဒို့မေမေသည်) နယ်ချဲ့အစိုးရကို ကလောင်စွမ်းဖြင့် အရေးအခွဲ့တို့ဖြင့် သိသာစွာ ဆန့်ကျင်ထားသော ဝတ္ထုဖြစ်သည်။"

– ခင်ဆွေဦး၊ 'သူပုန်ကြီးဝတ္ထု ပြဇာ'၊ ဗိုလ်တထောက်ဂျွင်သစ် (မတ် ၂၀၁၁)။ စာ ၄၁ ...မှ။

".... သဂေါ်တာပုံစံဖြင့် ရေးဖွဲ့ .... ခဲ့သော ဝတ္ထု...."

– ညီနွန်း၊ ၂၀ ရာစု အထူးခြားဆုံး မြန်မာစာအုပ်များ(၂၀၀၂)။ စာ ၄၂ ...မှ။

".... မဟာဆွေ၏ အကောင်းဆုံး စာပေလက်ရာအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသော ဂန္ထဝင်ဝတ္ထုကြီး...."

– ဆရာချိုနီ(ပဲခူး)၊ 'တို့မေမေ သို့မဟုတ် လွတ်လပ်ရေး မျိုးလမ်းပေါ်က တော်လှန်ရေးတေးသံ ကဗျာတစ်ပုဒ်'၊ ဗိုလ်တထောက်ဂျွင်သစ် (မတ် ၂၀၁၁)။ စာ ၅၅ ...မှ။